**ချင်းပြည်နယ် လွှတ်တော် ကိုယ်စားပြုကော်မတီ**

(Committee Representing Chin State Hluttaw-CRCH)

မှ

**ချင်းအမျိုးသားတော်လှန်ရေးနေ့သို့ ပေးပို့သောသဝဏ်လွှာ**

၂၀၂၁ ခုနှစ် မတ်လ (၂၀) ရက်

ယနေ့သည် ချင်းအမျိုးသားတပ်ဦးကဦးဆောင်၍ ဆင်နွှဲနေသည့် (၃၃) နှစ်မြောက်ချင်းအမျိုးသားတော်လှန်ရေးနေ့ဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ထောင်ရေးအတွက် ချင်းအမျိုးသားများအနေဖြင့် ချင်းအမျိုးသားတပ်ဦးကို ဖွဲ့စည်းထူထောင်ကာ၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ခြင်း၏ သမိုင်းဝင်အထိမ်းအမှတ်နေ့တစ်နေ့လည်းဖြစ်သည်။ ဤနေ့တွင် (၃၃) နှစ်တာကာလအတွင်း ကျဆုံးခဲ့ကြသူများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် အလေးပြုပါကြောင်း မိမိတို့ ကော်မတီအနေဖြင့် ဖော်ပြလိုပါသည်။

ယခုအခါ မြန်မာ့တပ်မတော်မှ စစ်ခေါင်းဆောင်တစ်စုက နိုင်ငံတော်အာဏာကို မတရားသဖြင့်ရယူလိုက်သည်သာမက၊ စစ်အာဏာသိမ်းမှုကို လက်မခံနိုင်သဖြင့် လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြကြသည့်ပြည်သူများအား အကြမ်းဖက်နှိမ်နင်းသောကြောင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် အရပ်သားပြည်သူ ၂၀၀ နီးပါးကျဆုံးပြီးထောင်နှင့်ချီ၍ဖမ်းဆီးထိန်းသိမ်းခံနေရချိန်ဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ကိုယ်ကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ လွန်ခဲ့သော ဆယ်နှစ်တာကာလ ရရှိဖြစ်ထွန်းလာခဲ့သည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လင်းပွင့်လာမှုကို ရိုက်ချိုးဖျက်ဆီးလိုက်ခြင်းလည်းဖြစ်သည်။

မိမိတို့ချင်းပြည်နယ်လွှတ်တော်ကိုယ်စားပြုကော်မတီ (CRCH) သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏နိုင်ငံရေးရည်မှန်းချက်များနှင့်အညီထပ်တူရပ်တည်ပြီး၊ CRPH ၏ဦးဆောင်မှုအောက်၌ ချင်းပြည်နယ်အတွင်း စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ မတရားဖမ်းဆီးထိန်းသိမ်းခံထားရသူများအားလုံး လွတ်မြောက်ရေး၊ ဒီမိုကရေစီရရှိရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းကာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရရှိရေးတို့အတွက် ချင်းအမျိုးသားတပ်ဦး အပါအဝင် ဒီမိုကရက်တစ် ချင်းနိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူငယ်နှင့်အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ဤ ချင်းအမျိုးသားတော်လှန်ရေးနေ့တွင် ချင်းပြည်သူတစ်ရပ်လုံးအနေဖြင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး၊ တိုင်းရင်းသားလူမျိုးစုများ၏ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းလုံခြုံဖွံ့ဖြိုးရေးကိုအာမခံချက်ပေးသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ထွန်းကားလာနိုင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြပါစို့။ မိမိတို့၏ပြည်နယ်နှင့် မိမိတို့၏အမျိုးသားလွတ်မြောက်ရေးအတွက် မိမိတို့ကိုယ်တိုင် အကြောက်တရားကင်းစွာဖြင့် ပြတ်ပြတ်သားသားရပ်တည်ဆောင်ရွက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

"အရေးတော်ပုံ အောင်ရမည်။"

ချင်းပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ